# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 4, 2020 Volume 28, Number 2


| ၄.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၃/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၆/- ကျပ် |
| CBM Rate | = ၁၄၄၉.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၅၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၂.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ = ၉၇၄.၀၀ ကျပ် | |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၇၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၂.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၈၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ တိုးတက်မှုနှုန်း ဇန်နဝါရီလတွင် ဆက်လက်အားကောင်းခဲ့ပြီး ငွေကြေးဖောင်းပွမှုနှင့် စရိတ်စကဖောင်းပွမှုဖိအားနည်းပါးလာသောကြောင့် ရောင်းဈေးများ နှစ်လဆက်တိုက်လျှော့ချ



မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ တိုးတက်မှုနှုန်း ဇန်နဝါရီတွင် ဆက်လက်အားကောင်းခဲ့ပြီး ငွေကြေးဖောင်းပွမှုနှင့် စရိတ်စက ဖောင်းပွမှုဖိအားနည်းပါးလာသောကြောင့် ရောင်းဈေးများ နှစ်လဆက်တိုက်လျှော့ချကြောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီအတွက်ထုတ်ပြန်သော နစ်ကေးမြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း (Manufacturing Purchasing Manager's Index– ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း) အရသိရသည်။

မြန်မာနိုင်ငံအတွင်း ကုန်ထုတ်လုပ်ရေးကဏ္ဍ၏ လုပ်ငန်းအခြေအနေသည် စစ်တမ်းဒေတာအရ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ဆက်လက်တိုးတက်ခဲ့သည်။ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် တိုးတက်မှုနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီးနောက် အဘက် ဘက်က တိုးတက်မှုနှုန်း ပြန်လည်အားကောင်းလာခဲ့သည်။ ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် ဝယ်ယူရေးလုပ်ငန်းအားလုံးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး ကုန်ထုတ်လုပ်ရေးစက်ရုံများ၌ အလုပ်ခန့်မှုမှာ စံချိန်တင်နီးပါး မြင့်တက်လာခဲ့သည်။ စစ်တမ်းအရ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ငွေကြေးဖောင်းပွမှုဖိအားများ ဆက်လက်ဖြစ်ပေါ်ခြင်း မရှိကြောင်းအချက်ပြခဲ့ပြီး ကုမ္ပဏီများအနေဖြင့် တစ်နှစ်တာအတွင်း ထုတ်လုပ်မှု မြင့်မားလာမည်ဖြစ်ကြောင်း ယုံကြည်မှုပိုမိုလာသည်။

PMI အညွှန်းကိန်းသည် ဒီဇင်ဘာတွင် ၅၂ ရှိရာမှ ဇန်နဝါရီတွင် ၅၂ ဒသမ ၇ သို့ မြင့်တက်လာခဲ့ပြီး မြန်မာနိုင်ငံအတွင်း ကုန်ထုတ်လုပ်ရေးလုပ်ငန်းအခြေအနေများ အခိုင်အမာတိုးတက်လာကြောင်း အချက်ပြနေသည်။ ၎င်းမှ ၂၀၁၉ ခုနှစ်တွင် ဖြစ်ပေါ်

လာသည့် တိုးတက်မှုပြကိန်းဂဏန်းနှင့်တူညီခဲ့ပြီး လွန်ခဲ့သောလေးနှစ်က စစ်တမ်း စတင်လာကတည်းကစ၍ အမြင့်ဆုံးကိန်းတစ်ခုဖြစ်သည်။ ဇန်နဝါရီလအတွင်း PMI မြင့်တက်လာခဲ့ခြင်းသည် အဓိက အကျဆုံးအညွှန်းကိန်း၏ ၇၅ ရာခိုင်နှုန်းအထိ အလေးသာခဲ့သည်ဟု ယူဆရသည့်ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် အလုပ်ခန့်မှု အစိတ်အပိုင်းများကို ထင်ဟပ်စေခဲ့သည်။ ပစ္စည်းပေးသွင်းမှုကြာမြင့်ချိန်များ (၁၅ ရာခိုင်နှုန်းအလေးသာမှု) မှာ အဓိကအားဖြင့် မပြောင်းမလဲရှိနေခဲ့ကြပြီး သိုလှောင် ကုန်များဝယ်ယူမှုများမှာ PMI ပေါ်တွင် ဆက်ပြီး အလေးသာနေသော်လည်း ၎င်းတို့မှာ ၁၀ ရာခိုင်နှုန်းမျှသာဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စက်မှုကုန်ထုတ်လုပ်မှုမှာ ဇန်နဝါရီလတွင် စစ်တမ်းအတွင်း စံချိန်တင် ၁၅ လ မြောက်ဆက်တိုက် မြင့်တက်လာခဲ့သည်။ ထို့ပြင် ငါးလအတွင်း အမြင့်ဆုံးအရှိန်သို့ မြင့်တက်လာသည့် တိုးတက်မှုအရှိန်မှာ စစ်တမ်း၏ ပျမ်းမျှနှုန်းအထက် ကောင်းစွာရှိနေသည်။ ကုန်ထုတ်လုပ်မှုသည် အလုပ်သစ်များတိုးရလာမှုကြောင့် ထပ်မံမြင့်တက်ခဲ့သည်။ လုပ်ငန်းသစ် များ၏ ပမာဏသည် ၁၅ လဆက် တိုက်တိုးလာခဲ့ပြီး တိုးတက်မှုနှုန်းမှာ ဒီဇင်ဘာလ၏သုံးလအတွင်း အနိမ့်ဆုံးအဆင့်မှ အရှိန်မြင့်လာခဲ့သည်။

ဇန်နဝါရီစစ်တမ်းဒေတာအရ ကုန်ထုတ်လုပ်ရေးကဏ္ဍအတွင်း ငွေကြေးဖောင်းပွမှုဖိအားပေးမှု မရှိကြောင်းကို အချက်ပြနေပြီး သွင်းကုန်များ၏ဈေးနှုန်းများမှာ ဒသမဂဏန်းမျှသာတိုးလာခဲ့ပြီး ထုတ်ကုန်ရောင်းဈေးများမှာ နှစ်လဆက်တိုက် လျှော့ချပေးခဲ့သည်။ အနာဂတ်တိုးတက်ရေး မျှော်လင့်ချက်ဆိုင်ရာ အနာဂတ်ထုတ်ကုန်အဝန်းကိန်းသည် ဇန်နဝါရီလတွင် ခြောက်လအတွင်း အမြင့်ဆုံးသို့တက်လှမ်းခဲ့ပြီး ၂၀၂၀ နှစ်ဆန်းပိုင်း၌ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ယုံကြည်မှုအားကောင်းလာမည်ကို ညွှန်ပြနေသည်။ ကုမ္ပဏီများမှ ထုတ်ကုန်အသစ်များအကြောင်း ရှင်းလင်းပြောပြခဲ့ပြီး စက်ယန္တရားများနှင့် လုပ်ငန်းသစ်များ ဖွင့်လှစ်ပေးခြင်းကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

အဆိုပါစစ်တမ်းကို ပြုစုပေးသည့် HIS Markit မှ စီးပွားရေးဒါရိုက်တာ Trevor Balchin က “ဇန်နဝါရီမှာ ထုတ်လုပ်မှု၊ အော်ဒါသစ်တွေ၊ အလုပ်တွေနဲ့ သွင်းကုန်ဝယ်ယူမှုတွေအားလုံး အားကောင်းခဲ့တာကြောင့် မြန်မာနိုင်ငံက ကုန်စည်ထုတ်လုပ်သူတွေ ၂၀၂၀ ပြည့်နှစ်ကို အသာစီးကစတင်ခဲ့ကြပါတယ်။ လာမယ့် ၁၂ လအတွင်း ထုတ်လုပ်ရေးဆိုင်ရာ မျှော်လင့်ချက်တွေလည်း နှစ်ဆန်းမှာတိုးတက်လာတာကြောင့် ယုံကြည်မှုတွေအားကောင်းလာတာကို ထင်ဟပ်စေခဲ့ပါတယ်” ဟု ပြောကြားသည်။ ယခုထုတ်ပြန်ထားသော စစ်တမ်းကို HIS Markit က စက်မှုကုန်ထုတ်လုပ်ငန်းများထံမှ ကောက်ယူ စုစည်းရရှိသည့် စစ်တမ်းမူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/157740

## ဗဟိုဘဏ်က ဒေါ်လာဝယ်နေသော်လည်း ကျပ်ငွေတန်ဖိုး ဆက်လက်မြင့်တက်နေ

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဗဟိုဘဏ်က ကန်ဒေါ်လာဆက်တိုက်ဝယ်ယူနေသော်လည်း ငွေကြေးဈေးကွက်၌ ကျပ်ငွေတန်ဖိုး ဆက်လက်မြင့်တက်နေသည်။ ဖေဖော်ဝါရီ ၃ ရက်တွင် ပြည်တွင်းဈေးကွက်၌ နံနက်ဈေးနှုန်းစဖွင့်ချိန်တွင် အမြင့်ဆုံး တစ်ဒေါ်လာ ၁,၄၆၇ ကျပ်မှ မွန်းလွဲတွင် ၁,၄၅၈ ကျပ်သို့ကျဆင်းလာသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် တရားဝင်ရောင်းဝယ်ခွင့်ပြုထားသော ထိုင်းနိုင်ငံသုံး ဘတ်ငွေတန်ဖိုးကလည်း အမြင့်ဆုံး ၁ ဘတ်လျှင် ၄၇ ကျပ်သာ ဈေးဖွင့်သည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းကလည်း တစ်ဒေါ်လာလျှင် ၁,၄၅၇ ကျပ်သို့မြင့်တက်သည်။ ဖေဖော်ဝါရီ ၃ ရက်တွင် ဗဟိုဘဏ်က လေလံဈေးကွက်ဖြင့် ငွေကြေးဈေးကွက်မှ ဒေါ်လာသုံးသန်းဝယ်ယူခဲ့သည်။ ဇန်နဝါရီတွင် ဗဟိုဘဏ်က ဒေါ်လာ ၄၁ သန်းကျော်ကျော်ဝယ်ယူခဲ့သည်။

ဗဟိုဘဏ်က ဒေါ်လာဝယ်ယူခြင်းသည် ငွေကြေးဈေးကွက်တည်ငြိမ်ရန်နှင့် ရုတ်တရက်ဒေါ်လာတန်ဖိုးကျဆင်းမှု မဖြစ်စေရန် ဆောင်ရွက်ခြင်းဟု ပုဂ္ဂလိကဘဏ်တစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။ ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်းနှင့် ပတ်သက်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့က ကုန်သွယ်ရေးလိုငွေနည်းခြင်း၊ တရုတ်နှစ်သစ်ကူးပိတ်ရက်နှင့် ကူးစက်မြန်ရောဂါဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံမှ ငွေအဝင်နည်းခြင်း၊ ပြည်ပပို့ကုန်ကုမ္ပဏီ ၄၅၀ ကျော်စာရင်းရှင်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တို့နှင့် သက်ဆိုင်နိုင်ကြောင်းသုံးသပ်သည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုလိုငွေက ၂၀၁၉ – ၂၀ ဘဏ္ဍာနှစ် လေးလအတွင်းဒေါ်လာသန်း ၇၀၀ ကျော်သာရှိသည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဇန်နဝါရီ ၂၄ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်ဒေါ်လာ ၅ ဒသမ ၇ ဘီ လီယံကျော်နှင့်သွင်းကုန် ၆ ဒသမ ၃ ဘီလီယံကျော်ရှိကြောင်း စီးပွားကူးသန်းစာရင်းများတွင်ဖော်ပြထားသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာဈေးကျသကဲ့သို့ ရွှေဈေးနှုန်းအနည်းငယ်ကျဆင်းသည်။ ပြည်တွင်းဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် တစ်ဆယ့်နှစ်သိန်းတစ်သောင်းကိုးထောင်ကျပ်ခန့် ဈေးဖွင့်သည်။ အဆိုပါဈေးနှုန်းက ပြီးခဲ့သည့်ဇန်နဝါရီလကုန်နှင့်နှိုင်းယှဉ်လျှင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်တစ်သောင်းသုံးထောင် ဈေးကျခြင်းဖြစ်သည်။

**Source:** https://7day.news/–177681

## ကြက်သားကို ပြည်ပက ဝယ်ယူရန်ကမ်းလှမ်းထားသော်လည်း တင်ပို့ရောင်းချနိုင်ခြင်းမရှိသေး




မြန်မာနိုင်ငံက ကြက်သားကို ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံအချို့က ဝယ်ယူရန်ကမ်းလှမ်းမှုများရှိသော်လည်း ခေတ်မီနည်းစနစ်ဖြင့် မွေးမြူထုတ်လုပ်နိုင်ခြင်းမရှိသေးသောကြောင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူထုတ်လုပ်ရောင်းချသူများ အသင်းထံမှသိရသည်။“ကမ်းလှမ်းတဲ့အခါ သူတို့လိုချင်တဲ့ဟာမျိုး ထုတ်လုပ်ပေးနိုင်မှဝယ်မှာပါ။ ဒါပေမယ့်သိပ်တော့ မလွယ်သေးဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ နည်းပညာရော၊ ထုတ်လုပ်မှုပိုင်းပါ ကုန်ကျမှုစရိတ်တွေက ထိုင်းနိုင်ငံနဲ့မယှဉ်နိုင်ဘူး။ ဗီယက်နမ်နဲ့လည်း မယှဉ်နိုင်ဘူး။ ကျွန်တော်တို့က ဈေးကွက်မှာယှဉ်ပြိုင်ပြီး မပေးနိုင်ဘူး။ ထုတ်လုပ်မှုပိုင်းမှာ ကုန်ကျစရိတ်ကများနေတယ်” ဟု မြန်မာနိုင်ငံ ကြက်၊ ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်ကပြောသည်။

လွန်ခဲ့သည့် ကိုးလအတွင်းက ဈေးကွက်အတွင်း၌ ကြက်သားဈေးနှုန်းပေါက်ဈေး ကျပ်၂၇၀၀ ဝန်းကျင်သာရှိနေခြင်းကြောင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်များ ရပ်တည်ရန်ခက်ခဲနေပြီး ကြက်သားထုတ်လုပ်မှု၊ ကြက်ဥထုတ်လုပ်မှု၊ ကြက်အစာ ထုတ်လုပ်မှုနှင့် ဆက်စပ်နေသောလုပ်ငန်းများလည်း ထိခိုက်လာကြောင်း သိရသည်။ပြည်တွင်း၌ ကြက်သားထုတ်လုပ်မှုပမာဏမှာ စားသုံးမှုပမာဏထက် များပြားနေသဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့ခွင့်ပြုရန်သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြတောင်းဆိုထားကြောင်းလည်းသိရသည်။ “ကျွန်တော်က ဈေးကွက်အနေနဲ့ ထိုးဖောက်နိုင်ဖို့ပဲစဉ်းစားတာပါ။ တကယ်တမ်းက ပြည်တွင်းစားသုံးမှုလည်း လိုအပ်နေသေးတယ်။ စားသုံးမှု လိုအပ်တယ်ဆိုတာက အရေအတွက်အနေနဲ့နည်းနေသေးတယ်။ တကယ်လို့ စားမယ်ဆိုရင် ၆ ဒသမ ၈ ကီလိုဂရမ်ထက်ပိုပြီးတော့ ၁၀ရာခိုင်နှုန်းလောက် စားနိုင်ပြီဆိုရင် နောက်ထပ်ပိုထုတ်ရတော့မယ်။ အဲဒါပိုလျှံမှထုတ်လုပ်ရမှာပါ။ တစ်ဦးချင်းရဲ့ ဝင်ငွေကလည်းနည်းနေသေးတယ်။ ဈေးကွက်ကျယ်ပြန့်မှုကလည်း အားနည်းနေတဲ့အတွက် လူတွေက အပြည့်အဝမရနိုင်သေးတာလည်း ပါနိုင်တယ်”ဟု ဦးသိန်းမြင့်ကဆက်ပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နေ့လျှင် ကြက်အကောင်ရေငါးသိန်း၊ ကြက်ဥအလုံးရေ ၁၁၇ သိန်းဝန်းကျင် ထုတ်လုပ်လျက်ရှိပြီး ရန်ကုန်မြို့သုံးစွဲရန် ကြက်အကောင်ရေ နှစ်သိန်းခွဲမှသုံးသိန်းဝန်းကျင်၊ ကြက်ဥအလုံးရေ ၆၅ သိန်းဝန်းကျင် ထုတ်လုပ်ဖြန့်ဖြူးပေးနေရာမှ လက်ရှိဖြစ်ပေါ်နေသော ဆဲလ်မိုနဲလားပြဿနာကြောင့် ကြက်သား၊ ကြက်ဥရောင်းအားမှာ သုံးပုံ၊ တစ်ပုံဝန်းကျင်ခန့် ကျဆင်းခဲ့ကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံအတွင်း ကြက်များကို ဝါးခြံဖြင့် ၇၀ ရာခိုင်နှုန်း၊ သစ်သားခြံဖြင့် ၂၀ ရာခိုင်နှုန်း၊ အလုံပိတ်စနစ်ဖြင့် ငါးရာခိုင်နှုန်း၊ သဘာဝလွှတ်ကျောင်းခြင်းဖြင့် ငါးရာခိုင်နှုန်းမွေးမြူလျက်ရှိကြောင်း သိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8718982

## ကလေးနှင့် ချင်းပြည်နယ်ထွက်မျောက်ငိုသီးများ နန်းဖာလုံဈေး၌ ဈေးအရနည်း



အိန္ဒိယနိုင်ငံဘက်မှ လာရောက် ဝယ်ယူသူများအား အဓိက ရောင်းချသည့် ကလေး၊ တမူးနှင့် ချင်းပြည်နယ်တို့မှထွက်ရှိသော မျောက်ငိုသီးများမှာ နန်းဖာလုံနယ်စပ်ဈေးကွက်၌ ယခုလအတွင်း ဈေးကောင်းမရဘဲ အနိမ့်ဈေးဖြင့်သာ ရောင်းချနေရကြောင်း သိရသည်။ နှစ်စဉ် ရာသီစာထွက်ကုန်ဖြစ်သော မျောက်ငိုသီးများကို တမူးမြို့ နန်းဖာလုံနယ်စပ်ဈေးမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ နှစ်စဉ် လက်လီလက်ကားရောင်းချနေရာ ယခုနှစ်တွင် ဒီဇင်ဘာလ၌ အထွက်နည်းခဲ့ပြီး ဇန်နဝါရီလမှသာ ဈေးကွက်အတွင်း အဝင်များလာသည်။ ဒီဇင်ဘာလတွင် နှစ်စဉ်ပုံမှန် ရောင်းကောင်းသော်လည်း ယခုနှစ်တွင် ဇန်နဝါရီလမှ သာထွက်ရှိသဖြင့် ဈေးကွက်ပျက်ပြီး ဈေးကောင်းမရတော့ဘဲ အနိမ့်ဈေးဖြင့်သာ ရောင်းချကြရသည်။

"မျောက်ငိုသီးက ကလေးမြို့ပေါ်နဲ့ ဝန်းကျင်ရွာတချို့ကထွက်တယ်။ တမူးနယ်နဲ့ ခမ်းပတ်မြို့ကထွက်တယ်။ ချင်းပြည်နယ် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်မြို့နယ်တွေကလည်းထွက်တယ်။ နိုဝင်ဘာလလယ်မှာ စထွက်တယ်။ ဒီအချိန်မှာ နည်းနည်းပဲထွက်တာဆိုတော့ ဈေးကွက်မှာ အရောင်းအဝယ် တွင်တွင်ကျယ်ကျယ်မဖြစ်သေးပါဘူး။ ဒီဇင်ဘာလရောက်ရင် အသီးများလာလို့ နန်းဖာလုံဈေးကို အလုံးအရင်းနဲ့ပို့နိုင်ပြီ။ ဒီဇင်ဘာလမှာရောင်းတဲ့ အသီးတွေက ဈေးကောင်းရတယ်။ ဒီနှစ် မျောက်ငိုသီးစိုက်တဲ့ဒေသတွေမှာ မိုးဖျက်တော့ ဇန်နဝါရီလကျမှ အထွက်များလာတယ်။ အိန္ဒိယဘက်က ဝယ်လက်တွေ လာဝယ်ကြပေမယ့် ဈေးကောင်းမပေးတော့ဘူး။ ဒီဇင်ဘာလမှာ ရောင်းရသလို ဈေးကောင်းနဲ့မဝယ်ကြတော့ဘူး။ မျောက်ငိုသီး ဝယ်ရောင်းသမားတွေ ဒီနှစ်ရှုံးနိုင်တယ်"ဟု ကလေးမြို့မှ ဆိုင်ကယ်ဖြင့် မျောက်ငိုသီး ခေါက်ပြန်တင်ပို့ရောင်းချသူ ကိုသိန်းမျိုးက ပြောသည်။

မျောက်ငိုသီး ဝယ်ရောင်းလုပ်သူအများစုမှာ ကလေးမြို့ကဖြစ်ပြီး အောက်တိုဘာလ အသီးဝင်ချိန်မှစတင်၍ အပင်ရှိရာ နေရာများသို့သွားရောက်၍ အပင်လိုက်ပုတ်ပြတ်ဝယ်ယူထားကြကာ ဒီဇင်ဘာလတွင် နန်းဖာလုံဈေးမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်မှ ကသည်းကုလားများထံရောင်းချကြရာ ယခင်က မျောက်ငိုသီးတစ်တောင့် ကျပ် ၂၀၀ မှ ကျပ် ၃၀၀ အထိ ရရှိသော်လည်း ယခုနှစ် ဇန်နဝါရီလတွင် ကျပ် ၁၅၀ ဖောက်သည်ဈေးဖြင့်ရောင်းချကြရသည်။

မျောက်ငိုသီးကို ကလေးလွင်ပြင်နှင့် တမူးဒေသ ချင်းပြည်နယ်မြောက်ပိုင်းမြို့နယ်များမှသာထွက်ရှိရာ ပြည်တွင်း၌ စားသုံးသူနည်းသဖြင့် ဈေးကွက်မရှိသော်လည်း အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှ ကသည်းများ အများဆုံး ဝယ်ယူစားသုံးကြသဖြင့် နန်းဖာလုံဈေးမှာသာ အရောင်းအဝယ်ရှိရာ ယခုနှစ်တွင် အသီးထွက်နောက်ကျသဖြင့် ဈေးအရနည်း ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/134803.html

## ကိုရီးယားဘဏ်လေးခုထက်မနည်း မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်ရန် စိတ်ဝင်စား

တတိယအကြိမ်အဖြစ် နိုင်ငံခြားဘဏ်များကိုခွင့်ပြုရန် ဗဟိုဘဏ်ကကြေညာပြီးနောက် လိုင်စင်လျှောက်ထားရန် စီစဉ်နေသည့် ကိုရီးယားဘဏ် လေးခုအထက်ရှိကြောင်း အဆိုပါဘဏ်များမှ တာဝန်ရှိသူအချို့ကပြောသည်။ ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များကို ဘဏ်ခွဲလိုင်စင်နှင့် လက်အောက်ခံဘဏ်ကုမ္ပဏီအဖြစ် ခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၁၉ နိုဝင်ဘာတွင် ကြေညာသည်။ ထိုသို့ လိုင်စင်နှစ်မျိုးစလုံးကို ကိုရီးယားဘဏ်များက လျှောက်ထားလိုပြီး KB Kookmin ဘဏ်နှင့် ကိုရီးယား အစိုးရပိုင် IBK (In-dustrial Bank of Kore) ဘဏ်တို့သည် လက်အောက်ခံဘဏ်ကုမ္ပဏီအဖြစ်လည်းကောင်း၊ Hana ဘဏ်နှင့် KDB (Korea Development Bank) ဘဏ်တို့ သည် ဘဏ်ခွဲလိုင်စင်ကိုလည်းကောင်း လျှောက်ထားရန် စိတ်ဝင်စား နေခြင်းဖြစ်သည်။

Kookmin နှင့် IBK ဘဏ်တို့သည် ၂၀၁၄ နှင့် ၂၀၁၆တွင် နိုင်ငံခြားဘဏ်ခွင့်ပြုရန် လိုင်စင်လျှောက်ထားသော်လည်း မအောင်မြင်ဘဲ ဒုတိယအကြိမ် ထပ်မံလျှောက်ထားခြင်းဖြစ်သည်။ ဗဟိုဘဏ်က လက်ရှိအချိန် တွင် လျှောက်ထားသည့် ဘဏ်များမထုတ်ပြန်နိုင်သေးကြောင်းနှင့်အသေးစိတ်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ပြောသည်။ လက်ရှိတွင် ပြည်တွင်း၌ နိုင်ငံခြားဘဏ် ၁၃ ခုကို ဘဏ်ခွဲ လိုင်စင်ခွင့်ပြုထားသည်။ ဂျပန်ဘဏ်သုံးခု၊ စင်ကာပူဘဏ်နှစ်ခု၊ ထိုင်း၊ တရုတ်၊ မလေးရှား၊ ဩစတြေးလျနှင့် နယူးဇီလန်၊ ဗီယက်နမ်၊ ကိုရီးယားနှင့်တိုင်ပေတို့မှ တစ်ခုစီခွင့်ပြုထားသည်။ ဗဟိုဘဏ်က ၂၀၂၀ ဇန်နဝါရီ ၁ ရက်ကစတင်ပြီး ပြည်တွင်းဘဏ်များတွင် နိုင်ငံခြားဘဏ်များက ရှယ်ယာ ၃၅ ရာခိုင်နှုန်း ဝယ်ယူခွင့်ပြုမည်ဟု ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

**Source:** https://7day.news/–177683

## ကူးစက်ရောဂါကြောင့် မြန်မာ-တရုတ် ကုန်သွယ်မှု လုံးဝရပ်ဆိုင်းမည်မဟုတ်

ကူးစက်ရောဂါကြောင့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ အဓိကထိခိုက်နိုင်သော်လည်း မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု လုံးဝရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူကပြောကြားသည်။ "ဗိုင်းရပ်စ်ကြောင့် မြန်မာနဲ့တရုတ်ကုန်သွယ်မှုက နယ်စပ်ကုန်သွယ်မှုတွေမှာ အဓိကထိခိုက်မှုတွေရှိမယ်။ ဒါပေမယ့် လုံးဝတော့မရပ်နိုင်ဘူး။ အခြားကုန်သွယ်မှုလမ်းကြောင်းတွေဖြစ်တဲ့ ပင်လယ်ရေကြောင်းတို့က ဘာပြဿနာမှမရှိဘူး။ အဓိကကတော့ လူလူချင်းမထိတွေ့ရင် ဘာမှမဖြစ်ဘူး။ ထိတွေ့မှုကနေ ကူးစက်နိုင်တာပါ။ အသွားအလာကိုပိတ်လိုက်ပြီးတော့ ရောဂါထိန်းလို့ရပြီဆိုမှဖွင့်။ လူလူချင်း ထိတွေ့တာတွေကိုလျှော့ချပြီးတော့ ကုန်ပစ္စည်းချည်းကြီးပဲပို့။ နယ်စပ်မှလည်း ကုန်ပစ္စည်းပို့တယ်ဆိုရင်လည်း ကျန်းမာရေးနဲ့ ပတ်သက်ပြီး သေသေချာချာလုံလုံခြုံခြုံလုပ်ပြီးတော့ ဆောင်ရွက်ရင်ဘာမှမဖြစ်ပါဘူး" ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မြန်မာတိုင်းမ်သို့ပြောသည်။

ကုန်သွယ်မှုကဏ္ဍတွေမှာ လျော့နည်းသွားမည်ဖြစ်ပြီး ၊ တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများလည်း ဝင်ရောက်မှု လျော့နည်းသွားကာ တရုတ်ငွေကြေးလျှော့ကျမှုကြောင့် မြန်မာပြည်တွင်း ဝင်ရောက်လာမည့် တရုတ်ထုတ်ကုန်ပစ္စည်းများမှာ ဈေးနှုန်းလျော့ကျလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "ကုန်သွယ်မှုတွေမှာ တရုတ်ရော မြန်မာရော ထိခိုက်တယ်။ တရုတ်လည်းထိတယ်။ တစ်ကမ္ဘာလုံး လည်းထိခိုက်တယ်။ ဘာကြောင့်လည်းဆိုတော့ တရုတ်က တစ်ကမ္ဘာလုံးအတွက် ထုတ်လုပ်တဲ့နိုင်ငံဖြစ်နေတယ်။ တရုတ်အနေနဲ့ထုတ်လုပ်မှုတွေ မထုတ်နိုင်ရုံတင်မကဘဲ တရုတ်ဆိုရင် ရောဂါပိုး သယ်တဲ့သူလို့ မြင်ကြတယ်။ သူတို့ကိုလည်း အလာမခံဘူး။ တရုတ်က တစ်ကမ္ဘာလုံးနဲ့ဆက်စပ်နေတဲ့အတွက် တရုတ်က ရပ်သွားတယ်ဆိုတော့ မြန်မာတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးထိတာ။ ထုတ်လုပ်ပြီးသား ထုတ်ကုန်ရှိတဲ့နိုင်ငံတွေကခံသာတယ်။ ထိုင်းမှာဆိုရင် သူ့ကိုယ်ပိုင်ထုတ်လုပ်မှုရှိတယ်။ ကားလည်းမဝယ်ရဘူး။ သစ်သီးအနံ့ကအစ ပြည်တွင်းထုတ်လုပ်မှုရှိတဲ့နိုင်ငံတွေက ခံသာတယ်။ မြန်မာနိုင်ငံလို ပြည်တွင်းထုတ်လုပ်မှုမရှိတဲ့နိုင်ငံတွေက ပိုဆိုးတယ်။ မြန်မာကတစ်ခုပဲလုပ်နိုင်တာက တရုတ်ပြည်က မသွင်းရင် ထိုင်းကသုံးရမှာပဲရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထုတ်တာမှမရှိတာ။ ကျွန်တော်တို့ နိုင်ငံမှာက ထိုင်းထုတ်တဲ့ပစ္စည်းနဲ့ တရုတ်ထုတ်တဲ့ပစ္စည်းပဲ ကျွန်တော်တို့နိုင်ငံမှာရှိတယ်" ဟု နိုင်ငံရေးနှင့် စီးပွားရေးလေ့လာသုံးသပ်သူ ဦးဘိုဘိုကျော်ငြိမ်းက ပြောသည်။

ကူးစက်ရောဂါကြောင့် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုရပ်ဆိုင်းခြင်းကြောင့် မြန်မာအပါအဝင် တစ်ကမ္ဘာလုံး ကုန်သွယ်မှုကဏ္ဍထိခိုက်လာနိုင်ကြောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားထုတ်ကုန်များကိုသာ အားထားနေသရွေ့ အရေးအကြောင်းဆိုလျှင် ဒုက္ခရောက်ရုံသာရှိသည့်အတွက် အခြားနိုင်ငံများကိုအားမကိုးဘဲ ကိုယ့်ရပ်တည်ချက်နှင့် ကိုယ်ရှိနေနိုင်ရန် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးများကို မြင့်တက်လာရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမှာ ဖ.ဆ.ပ.လခေတ်၌ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများရှိသော်လည်း ပြည်သူပိုင်အသိမ်းခံရပြီးနောက်ပိုင်းတွင် ယင်းလုပ်ငန်းများမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိသွားပြီး အဆိုပါ ထိုင်းနိုင်ငံမှထုတ် သည့်ကုန်ပစ္စည်းများကို မြန်မာပြည်တွင်းသို့ မှောင်ခိုပြန်လည်သွင်းယူခဲ့ရကြောင်း ၎င်းကပြောသည်။ လတ်တလောတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင်ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019-nCoV) ကြောင့်ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါသည် နိုင်ငံအချို့အထိကူးစက်ကာ ပိုမိုတိုးမြင့်ဖြစ်ပွားလျက်ရှိပြီး

သေဆုံးမှုမှာလည်းမြင့်တက်လာခြင်းကြောင့် ကမ္ဘာ့နိုင်ငံများက သတိထားစောင့်ကြည့်နေရသည့်အခြေအနေဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134789.html

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၁ ဒေါ်လာအထိ ပြန်ကျလာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သုံးပတ်ကျော်အတွင်း တစ်လီတာ ကျပ် ၁၀၀ မှ ၁၁၅ ကျပ်အထိ ဆက်လက်ကျဆင်း

ကမ္ဘာ့ရေနံဈေး တစ်စည် ၅၁ ဒေါ်လာ အထိ ပြန်ကျလာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သုံးပတ်ကျော်အတွင်း တစ်လီတာ ကျပ် ၁၀၀ မှ ၁၁၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရ သိရသည်။




ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်း ကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက် တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ် လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ် လာ၊ ဇန်နဝါရီ ၃၁ ရက်တွင် ၅၃ ဒေါ်လာ၊ ဖေဖော်ဝါရီ ၃ ရက်တွင် ၅၁ ဒေါ်လာဝန်း ကျင်ဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာ့ဈေးကွက် ပေါက်ဈေးများအရ သိရသည်။ ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၈၈၅ ကျပ် (တစ် ဂါလန် ၄၀၂၃ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၈၉၅ ကျပ် (တစ်ဂါလန် ၄၀၆၈ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၇၉၀ ကျပ် (တစ်ဂါလန် ၃၅၉၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၈၉၅ ကျပ် (တစ်ဂါလန် ၄၀၆၈ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဉ်ပါက စက် သုံးဆီဈေးနှုန်းများ တစ်လီတာ ကျပ် ၁၀၀ မှ ၁၁၅ ကျပ်အထိပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော် အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာစံချိန် တင်ဈေးနှုန်းများ အနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် စံချိန်တင် ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါ လန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သောပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ် ၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန်လ (၂၁ ရက်အထိ)တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည် မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည် ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက် မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီ တာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန် တက်ခဲ့ ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ် အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ၂၅ ကျပ်မှ ၃၅ ကျပ်အထိမြင့်တက် ခဲ့ပြီး နိုဝင်ဘာ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက် အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့ သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက် အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အတွင်း တစ်လီတာ ကျပ် ၁၀၀ မှ ၁၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။

**Source:** https://news-eleven.com/article/157754

## ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် ထိုင်းဘတ်ငွေ ဆက်တိုက်ကျဆင်းလျက်ရှိ

ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ်လက ထိုင်းဘတ်ငွေဈေးမြင့်တက်ခဲ့မှုကြောင့် ကုန်သည်အချို့ ထိုင်းကုန်ပစ္စည်းများ အဝယ်ရပ်နားထားခဲ့ပြီး အရောင်းအဝယ်အေးခဲ့ရာမှ ဒီဇင်ဘာလတွင် ထိုင်းဘတ်ငွေဈေးနှုန်းပြန်လည် ကျဆင်းလာခဲ့ခြင်းကြောင့် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာခဲ့သည်။ ၂၀၂၀ နှစ်သစ်ကူးပြီးချိန်၌ ထိုင်းဘတ်ငွေဈေး ထပ်မံကျဆင်းလာပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာခဲ့သည့်အတွက် ထိုင်းကုန်ပစ္စည်းများ မြဝတီမြို့အတွင်း အရောင်း သွက်လာခဲ့သည်။ "ကျွန်မတို့က မဲဆောက်ကနေ အခြေခံစားကုန်တွေကိုမှာပြီး မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးမှာ ရောင်းနေတာ နှစ်ပေါင်း မနည်းတော့ပါဘူး။ အဓိကရောင်းကုန်တွေကတော့ စားဆီ၊ အချိုရည်၊ အချိုမှုန့်၊ ငါးသေတ္တာ၊ နို့ဆီ၊ နို့စိမ်း၊ ဆပ်ပြာမှုန့်၊ မားမားခေါက်ဆွဲအစရှိတဲ့ စားကုန်တွေပေါ့။ အခုထိုင်းဘတ်ဈေးက အရင်ဩဂုတ်လမှာ ထိုင်းဘတ်ငွေ ၂,၀၀၀ မှာ မြန်မာကျပ်ငွေ ၁၀၀,၀၀၀ ဈေးရှိခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်မှာ ထိုင်းဘတ်ငွေ ၂,၀၄၀ ကို မြန်မာငွေကျပ် ၁၀၀,၀၀၀ အထိ ပြန်လည် ကျဆင်းသွားတဲ့အတွက် ထိုင်းကုန်ပစ္စည်းတွေလည်း ဈေးနှုန်းကျဆင်းခဲ့တာပေါ့။ အခုဇန်နဝါရီ ၃၁ ရက်မှာ ထိုင်းဘတ်ငွေဈေးက ၂,၀၄၀ ကနေ ၂,၁၆၀ ကို မြန်မာကျပ်ငွေ ၁၀၀,၀၀၀ အထိ ထပ်မံကျဆင်းခဲ့သလို ဖေဖော်ဝါရီ ၂ ရက်မှာ ထိုင်းဘတ်ငွေ ၂,၂၀၀ မှာ မြန်မာငွေတစ်သိန်းအထိ ထပ်ကျခဲ့တယ်။ ဒါကြောင့် မြန်မာငွေတန်ဖိုး ပိုပြီးတက်လာခဲ့ပါတယ်။ ထိုင်းဘတ်ဈေး ကျလာတဲ့ အတွက် အမြဲလာဝယ်နေကြတဲ့ မော်လမြိုင်၊ ရန်ကုန်မြို့တွေကို စားကုန်တွေ သယ်ယူရောင်းဝယ်နေကြတဲ့ ကုန်သည်တွေလည်း ကျွန်မဆိုင်မှာ ပိုမိုဝယ်ယူလာကြတဲ့အတွက် အရင်ထက်စာရင် ပိုပြီးအရောင်းအဝယ်ကောင်းလာပြီ ဖြစ်ပါတယ်"ဟု မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး ထိုင်းစားကုန် ပစ္စည်းများဝယ်ယူရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း လက်ရှိရောင်းချနေသော စားကုန်ပစ္စည်းဈေးနှုန်းများမှာ အာဂျီနိုမိုတို ဆွမ်းအုပ် တံဆိပ် (အိုးအချိုမှုန့်)အထုပ် ၂၀ ပါ တစ်ပါကင် ကျပ် ၈၂,၀၀၀၊ မားမားချဉ်စပ်အထုပ် ၃၀ ပါ ဖာသေးခြောက်ဖာပါ တစ်ပါကင် ကျပ် ၃၇,၅၀၀၊ မိသားစုငါးသေတ္တာအလုံးသေးလေးဒါဇင်ပါ တစ်ပါကင် ကျပ် ၄၅,၀၀၀၊ ၂၅ ကီလို JUMP ဆပ်ပြာဖာကြီး တစ်ပါကင် ကျပ် ၂၈,၀၀၀၊ စားဆီ ၁၀ ပိဿာဝင် ကော်ပုံးကြီးတစ်ပုံး ကျပ် ၁၄,၅၀၀၊ M-150 အချိုရည် အလုံးသေး ၅၀ ပါ တစ်ပါကင်ကျပ် ၁၆,၀၀၀၊ မြင်းတံဆိပ်ပလတ်စတစ်ဖျာ ၁၂ ချပ်ပါ တစ်စည်းကျပ် ၈၃,၀၀၀၊ ကလေးပုံတံဆိပ်နို့စိမ်း လေးဒါဇင်ပါ တစ်ပါကင် ကျပ် ၂၈၀,၀၀၀ ဈေးနှုန်းများနှင့် ရောင်းချနေကြောင်းသိရသည်။ ဒီဇင်ဘာဒုတိယပတ်က ထိုင်းဘတ်ငွေ ၂,၀၄၀ တွင် မြန်မာကျပ် ငွေကျပ် ၁၀၀,၀၀၀ ရှိခဲ့ရာမှ ယခု ဖေဖော်ဝါရီ ၁ ရက်တွင် ထိုင်းဘတ်ငွေ ၂၁၆၀ အထိ လည်းကောင်း၊ ဖေဖော် ဝါရီ ၂ ရက်တွင် ဘတ်ငွေ ၂,၂၀၀ အထိလည်းကောင်း ဆက်တိုက်ကျဆင်းနေကြောင်းသိရသည်။

**Source:**[https://myanmar.mmtimes.com/news/134768.html](https://myanmar.mmtimes.com/news/134768.html)

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ဖေဖော်ဝါရီ ၉ ရက်နောက်ပိုင်း ပြန်လည်စတင်နိုင်မည်ခန့်မှန်း

တစ်ရက်လျှင် ကန်ဒေါ်လာ ၁၄ သန်းကျော် ကုန်သွယ်နေသော မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးသည် ဖေဖော်ဝါရီ ၉ ရက်အလွန် လုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဟုမျှော်မှန်းကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ တရုတ် နှစ်သစ်ကူးပိတ်ရက်နှင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် တရုတ်နိုင်ငံရွှေလီမြို့တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုကို ဖေဖော်ဝါရီ ၉ ရက်ထိ ရပ်နားထားရန် ဒေသအစိုးရက ထုတ်ပြန်ထားကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း(မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။

"ပြန်အဖွင့်ကို ကုန်သည်တွေက အားခဲပြီးလုပ်ဖို့ပြင်နေကြတယ်"ဟု ဖေဖော်ဝါရီ ၃ ရက်က မူဆယ်မြို့၌ပြုလုပ်သော ကုန်သွယ်မှုမြှင့်တင်ရေးအစည်း အဝေးအပြီးတွင် ၎င်းကပြောသည်။ ကုန်သွယ်မှု ပြန်လည်စတင်မည်ဆိုပါက မြန်မာနိုင်ငံမှ ဆန် ကို တိုးမြှင့်တင်ပို့နိုင်မည်ဟု ကုန်သည်အချို့က မျှော်လင့်နေကြောင်း ၎င်းကပြောသည်။ ယူနန်အစိုးရက တရုတ်ကုန်သည် များကို ဆန်ပါမစ်များ ထပ်မံချထားပေးရန် စီစဉ်ထားသည်ဟုဆိုသည်။ "ပြန်ပြီးစရင် တရုတ်က အတော်ဝယ်လာနိုင်တယ်။ ကုန် သွယ်ရေးက ရပ်နေတာကိုး"ဟု မူဆယ် ဆန်ကုန်စည်ဒိုင်အသင်းဝင် ဆန်ကုန်သည် ဦးမင်းသိန်းကပြောသည်။

နှစ်သစ်ကူးကာလ ဇန်နဝါရီ ၁၅ ရက်ကစတင်ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်ရေးလျော့ကျခဲ့သည်။ ပိတ်ရက်မတိုင်မီ မြန်မာနိုင်ငံမှ ဖရဲနှင့်သခွားမွှေးများကို အများဆုံးတင်ပို့ခဲ့သည်။ သို့သော် နှစ်သစ်ကူးပိတ်ရက်အပြီး နိုဗယ်ကိုရိုနာဗိုင်းရပ်စ်

ပျံ့နှံ့မှုကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်ခဲ့သည်။ အစိုးရက တရားဝင်တားဆီးခြင်းမရှိသော်လည်း တရုတ်ကုန်သည်များက ကုန်စည်များဝယ်ယူရန် မြန်မာနိုင်ငံသို့မလာသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမရှိခြင်းဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ရှမ်းပြည်နယ်တွင် မူဆယ်နှင့် ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် ကန်ပိုက်တီးနှင့် လွယ်ဂျယ် တို့တွင် နယ်စပ်ကုန်သွယ်ရေးဂိတ်များဖွင့်လှစ်ထားသည်။ မြန်မာ-တရုတ် နယ်စပ်ကုန် သွယ်ရေးဂိတ် လေးခုတွင် မူဆယ်၊ ရွှေလီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် လေးလအတွင်း မူဆယ် နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ပို့ကုန် ဒေါ်လာတစ်ဘီလီယံကျော်နှင့် သွင်းကုန် ဒေါ်လာ သန်း ၆၀၀ ကျော် ကုန်သွယ်ထား ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြထားသည်။

**Source:** https://7day.news/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC-

## သွင်းကုန်အမယ် ၅၀ ကျော်အား အခွန်တိုးမြှင့်ကောက်ခံရန် အိန္ဒိယအစိုးရက စီစဉ်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်မည့် ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းသို့ တင်သွင်းလျက်ရှိသည့် ကုန်စည် အမယ်ပေါင်း ၅၀ ကျော်အပေါ် သွင်းကုန်ခွန်နှုန်းထားများတိုးမြှင့်ရန် အစိုးရကစီစဉ်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံရှိ သတင်းဌာနများမှ ဖော်ပြချက်အရသိရှိရပါသည်။ အိန္ဒိယအစိုးရသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေ ရသုံးမှန်းခြေ အစီရင်ခံစာကို ဖေဖော်ဝါရီလဆန်းပိုင်း၌ ထုတ်ပြန်မည်ဖြစ်ရာ စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းနေမှုအား ပြန်လည်မြင့်တက် လာစေမည့် ပြောင်းလဲမှုများကို လုပ်ဆောင်ဖွယ်ရှိကြောင်း၊ မိုဘိုင်းဖုန်းအားသွင်းစက်ကဲ့သို့သော အီလက်ထရွန်းနစ်ပစ္စည်းများ၊ လျှပ်စစ် ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးဓာတုထုတ်ကုန်များနှင့် ပရိဘောဂ၊ ဖယောင်းတိုင်နှင့်လက်ဝတ်ရတနာစသည့် လက်မှု ပစ္စည်းများအပါအဝင် ကုန်စည်အမယ်များစွာကို သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ ဝန်ကြီးဌာနများမှ အရာရှိများပါဝင်ဖွဲ့စည်းထားသည့်ကော်မတီအဖွဲ့တစ်ရပ်၏ ထောက်ခံတင်ပြချက်အရ အိန္ဒိယ အစိုးရသည် သွင်းကုန်အခွန်အား ၅% မှ ၁၀% အထိ တိုးမြှင့်ကောက်ခံမည့် ကုန်စည်အမယ်များကို ခွဲခြားသတ်မှတ် ထားပြီးဖြစ်ကြောင်း၊ အရေးကြီး တင်သွင်းကုန်မဟုတ်သော ကုန်စည်များတင်သွင်းမှုကို လျှော့ချရန်ရည်ရွယ်ကြောင်း၊ ဤသို့ အခွန် တိုးမြှင့်ကောက်ခံမှုသည် တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် အိန္ဒိယနှင့်ချုပ်ဆိုထားသည့် ကုန်သွယ်ရေးသဘော တူညီချက်များအရ အခွင့်အရေးရရှိနေသောနိုင်ငံများထံမှ စျေးနှုန်းချိုသာသည့် ကုန်စည်များတင်သွင်းမှုအား ယှဉ်ပြိုင်လုပ်ကိုင် နေရသော ပြည်တွင်းလုပ်ငန်းရှင်များအတွက် အထောက်အပံ့ပြုမည်ဖြစ်ကြောင်းစသည်ဖြင့် ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေး ဆိုင်ရာ အစိုးရဌာနများမှ အမည်မဖော်လိုသူ အရာရှိ(၂)ဦးမှ ၎င်းတို့သတင်းဌာနသို့ ပြောကြားကြောင်း Economic Times သတင်းစာက ရေးသားဖော်ပြပါသည်။ တန်ဖိုး အားဖြင့် ဒေါ်လာ ၅၆ ဘီလီယံ ခန့်ရှိသော တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကုန်စည်များနှင့် အခြားဒေသများမှ ကုန်စည်များတင်သွင်းမှုကို လျှော့ချရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သွင်းကုန်အချို့အပေါ် အကောက်ခွန် နှုန်းထားတိုးမြှင့်မှုအား ဆောင်ရွက်မည့်အစီအစဉ်သည် အိန္ဒိယနိုင်ငံအတွင်း၌ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လျက်ရှိသည့် IKEA လုပ်ငန်းစုကဲ့သို့သော အိမ်တွင်းသုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် မိုဘိုင်းဖုန်းဆက်စပ်ပစ္စည်းများကို တင်သွင်းလျက်ရှိသော စမတ်ဖုန်းထုတ်လုပ်သည့် လုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာနိုင်ပါသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိများပါဝင်သည့်ကော်မတီသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခဲ့ရာ မူလက တန်ဖိုးဒေါ်လာ ၁၀၀ ဘီလီယံရှိသည့် ကုန်စည်အမယ်ပေါင်း ၁၃၀ ကျော်ကို သွင်းကုန်ခွန်တိုးမြှင့်ရန် စာရင်းပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလ၌ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင် ဘေးကင်းလုံခြုံမှုဆိုင်ရာ စံနှုန်း သတ်မှတ်ချက်များဖြင့် တင်သွင်းခွင့်ပြုထားသည့် သွင်းကုန်များမှာ အကောက်ခွန်လိုင်းရှိ ကုန်စည်များ၏ ၁၀% အောက်တွင်သာ ရှိရာ အိန္ဒိယအစိုးရသည် သွင်းကုန်များအပေါ် အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ ကန့်သတ်မှုများအား သီးခြားဆောင်ရွက်ရန် ကိုလည်း စဉ်းစားလျက်ရှိကြောင်း၊ ထို့အပြင်ပြည်တွင်းလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်ငန်းများ၌ လျှပ်စစ်နှင့်လောင်စာဆီ တို့ပေါ် အခွန်ပေးဆောင်ရမှုအတွက် ညီမျှမှုဖြစ်စေမည့် Border Adjustment Tax ခေါ် နယ်နိမိတ်ခြားနားမှုအရ ကိုက်ညှိ ကောက်ခံသည့်အခွန်အား သွင်းကုန်များအပေါ်ကောက်ခံနိုင်ရေး ရသုံးမှန်းခြေငွေစာရင်းမထုတ်ပြန်မီ ကာလအတွင်း ကုန်သွယ် ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အကြား ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရှိရပါသည်။ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ

ဦးဆောင်သည့် အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၄ ခုနှစ် အာဏာရရှိလာချိန်မှစ၍ ကုန်သွယ်ရေးလိုငွေ ကြီးမားစွာဖြစ်ပေါ်နေမှုကို လျော့ချနိုင်ရန် သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ခြင်း၊ အခြားသောနည်းလမ်းများဖြင့် ကန့်သတ်ခြင်းတို့ကို လုပ်ဆောင်လျက် တစ်ဖက်တွင်လည်း ပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း နှစ်အလိုက် ကာလတူနှိုင်းယှဉ်ပါက ပို့ကုန်၌ ၂% ကျဆင်းမှုရှိနေသော်လည်း သွင်းကုန်တန်ဖိုးတွင် ၈.၉% လျော့ချနိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုလိုငွေပမာဏသည် ယမန်နှစ်ကာလတူ၌ ဒေါ်လာ ၁၄၈ ဘီလီယံ ရှိရာမှ ယခုဒေါ်လာ ၁၁၈ ဘီလီယံသို့ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်ပပို့ကုန်တင်ပို့မှု ပိုမိုကျဆင်းမည်ခန့်မှန်း

ကမ္ဘာ့စီးပွားရေးနှေးကွေးခြင်း၊ ကျယ်ပြန့်စွာမိုးခေါင်မှုနှင့် သေစေနိုင်သောဗိုင်းရပ်စ်ပျံ့နှံ့မှုတို့က ပုဂ္ဂလိက များအနေဖြင့် ယခုနှစ်အတွက်ပို့ကုန်ခန့်မှန်းချက်အားချက်ချင်းဆိုသလို(၁.၈%)ထိကျဆင်းနိုင်ကြောင်းလျှော့ချရန် တွန်းအားပေးသလိုဖြစ်ခဲ့ ပါသည်။ ထိုင်းကုန်သည်ကြီးများအသင်းဒုတိယဥက္ကဌ Sanan Angubolkul က ပို့ကုန်တန်ဖိုးခန့်မှန်းချက် အမေရိကန် ဒေါ်လာ(၂၄၅) ဘီလီယံကို မဆုံးဖြတ်မီ သက်ဆိုင်ရာထိုင်းကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သည့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ် များနှင့်တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် Mr. Sanan က ပို့ကုန်သည် အကောင်းဆုံး တိုးတက်မှုမရှိခဲ့ဟု၍ ခန့်မှန်းခဲ့ ပါသည်။ ယခုနှစ်တွင် စွန့်စားရမှုအန္တရာယ်များ၊ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ခြင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးခြင်း၊ မိုးခေါင်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခြင်း၊နှင့် ဘတ်ငွေတန်ဖိုးမြင့်တက်ခြင်းတို့က ပို့ကုန်ကိုနှေးကွေးစေမှာဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။ Mr. Sanan က အစိုးရနှင့်သက်ဆိုင်သူများအား အမေရိကန် တစ်ဒေါ်လာလျှင် (၃၂) ဘတ်ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး နိုင်ငံခြားငွေလဲနှုန်းကို ပြန်လည်ထိန်းချုပ်ရန် တိုက်တွန်းခဲ့ပါသည်။ ၎င်းက ကုန်သည်ကြီးများအသင်းအနေဖြင့် ယခုနှစ်အတွက် လယ်ယာထွက်ကုန်တင်ပို့မှုသည် (၀.၉%) တန်ဖိုး အမေရိကန်ဒေါ်လာ (၄၀.၁) ဘီယီယံသို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်း ထားကြောင်း ၊ ရာဘာ၊ ပီလောပီနံထုတ်ကုန်နှင့် သကြားတို့ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ယခုနှစ်ရာဘာတင်ပို့မှုက(၅%)ကျဆင်းနိုင်ပြီးတန်ဖိုး အမေရိကန်ဒေါ်လာ (၃.၉၄) ဘီလီယံဖြစ်ကြောင်း ခန့်မှန်းထား ပါသည်။ ပီလောပီနံအနေဖြင့်(၁၅%) ကျဆင်းနိုင်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၂၂) ဘီလီယံဖြစ်ကြောင်း၊ သကြားတင်ပို့မှု(၁၆.၃%) ကျဆင်းနိုင်ကြောင်း ၊ တန်ဖိုးအမေရိကန် ဒေါ်လာ(၂.၅)ဘီလီယံ ဖြစ်ပါသည်။ ဆန်တင်ပို့မှုအနေဖြင့် ယခုနှစ်အတွက်(၀.၁%) ကျဆင်းနိုင်ကြောင်း၊ တန်ဖိုးအမေရိကန် ဒေါ်လာ (၄.၂၁)ဘီလီယံဖြစ်ကြောင်း၊ အစားအစာ တင်ပို့မှု(၂.၆%) မြင့်တက်ကာ တန်ဖိုးအမေရိကန် ဒေါ်လာ(၂၃.၃)ဘီလီယံ အထိရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

စက်မှုပို့ကုန်များအနေဖြင့် (၂%) အမေရိကန်ဒေါ်လာ(၁၉၃)ဘီလီယံသို့ကျဆင်းသွားနိုင်ကြောင်း၊ အထူး သဖြင့် အီလက်ထရောနစ်ပစ္စည်းများ (-၁%) အမေရိကန်ဒေါ်လာ (၃၅.၃)ဘီလီယံ၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ(-၄% အမေရိကန်ဒေါ်လာ၃၃.၉ ဘီလီယံ)၊ ပလပ်စတစ်လုံးလေးများ(-၆.၂%အမေရိကန်ဒေါ်လာ၁၂.၆ဘီလီယံ)၊ ကျောက်မျက် ရတနာနှင့်ရွှေတင်ပို့မှု (-၂၀.၆% အမေရိကန် ဒေါ်လာ၁၂.၃ဘီလီယံ) တို့ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။

လျှပ်စစ်ပစ္စည်းများတင်ပို့မှုမှာ (၁.၁%)တိုးလာပြီး တန်ဖိုးအမေရိကန်ဒေါ်လာ (၂၄.၆ ဘီလီယံ ဖြစ်ကြောင်း၊ အထည်အလိပ်မှာ (၁.၅% အမေရိကန်ဒေါ်လာ ၇.၀၂ဘီလီယံ) တိုးလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ကမ္ဘာ့ဈေးကွက်နှင့် အာရှတွင် ဝယ်လိုအားနှေးကွေးကျဆင်းနေမှုကြောင့် တိုင်းပြည်အတွက် အဓိကဝင်ငွေပံ့ပိုးသည့်အပိုင်းများဖြစ်သည့် မော်တော် ကားနှင့်အစိတ်အပိုင်းများ တင်ပို့မှုကျဆင်းနေကြောင်း၊ တစ်ချိန်တည်းမှာပင်နည်းပညာဆိုင်ရာပြောင်းလဲမှု၊ နိုင်ငံခြားကုမ္ပဏီ

များ၏ထုတ်လုပ်မှု အခြေခိုက်စခန်းများရွှေ့ပြောင်းနေမှုကလည်း အီလက်ထရောနစ်နှင့် အစိတ်အပိုင်းကို ဆက်လက် ထိခိုက်စေကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့်ယမန်နှစ်က ပြည်ပပို့ကုန်တင်ပို့မှုသည် ၂၀၁၈ခုနှစ်ကထက်(၂.၇%) ကျဆင်းခဲ့ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်အတွက် အကောက်ခွန် ရှင်းလင်းပြီး စုစုပေါင်းပြည်ပတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ(၂၄၆)ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုအနေဖြင့်(၄.၇%)ကျဆင်းခဲ့ပြီးတန်ဖိုး အမေရိကန်ဒေါ်လာ(၂၃၇)ဘီလီယံရှိခဲ့ကြောင်း၊ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၉.၆)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွက် ပြည်ပသင်္ဘောတင်ပို့မှုမှာ ပဉ္စမမြောက်လအဖြစ်ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် နိုဝင်ဘာလ ကျဆင်းမှု(၇.၄%)ထက် တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

**Source: Bangkok Post**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဗန်ကောက်မြို့

## ဂရိနိုင်ငံမှ မြန်မာ့သကြားကို ဝယ်ယူရန်ကမ်းလှမ်း

မြန်မာနိုင်ငံမှထွက်ရှိတဲ့သကြားကို ဂရိနိုင်ငံမှ ဆိပ်ကမ်းအရောက် FOB စနစ်ဖြင့် တစ်လလျှင် တန်ချိန် ၁၀၀၀ နှုန်း ဝယ်ယူရန်ကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။ ယင်းသို့ ဝယ်ယူရန်ကမ်းလှမ်းရာတွင် ကန့်သတ်ချက်များမပါဘဲ တစ်လလျှင် တန်ချိန် ၁၀၀၀ ဝယ်ယူလိုခြင်း ဖြစ်သော ကြောင့် ရောင်းချလိုတဲ့ ကုန်သည်များအနေဖြင့် အသင်းရုံးသို့ဆက်သွယ်နိုင်ကြောင်း၊ လက်ရှိကမ်းလှမ်းလာတဲ့ဈေးနှုန်းမှာ တရုတ်နိုင်ငံသို့ မှောင်ခိုတင်ပို့နေတဲ့ဈေးနှုန်းထက် အနည်းငယ်ပိုရရှိကြောင်းသိရပါတယ်။

၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံသို့ သကြားတင်ပို့ရန် Re-Export သကြား Permit များခွင့်ပြုပေးခဲ့ပြီးနောက် မြဝတီလမ်းကြောင်းမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာခြင်းကြောင့် သကြားဈေးကွက်ပျက်လုနီးပါးအခြေအနေသို့ရောက်ရှိခဲ့ကာ ပြည်တွင်းသကြားစက်ရုံများတွင်လည်း လက်ကျန်သကြားအမြောက်အမြားကျန်ရှိခြင်းနှင့် တောင်သူများအနေဖြင့်လည်း ကြံစိုက်ဧကလျော့ကျ၍ သကြားထုတ်လုပ်မှုတန်ချိန် သောင်းဂဏန်းခန့်လျော့ကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2660-to-buy-myanma-sugar.html

## STOCK EXCHANGE (4.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,000 | 4,196 | 46,517,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,100 | +150 | +3.80% | 4,000 | 4,100 | 4,000 | 1,498 | 5,993,000 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 11 | 90,400 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,500 | 55 | 1,292,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,950 | 2,950 | 2,850 | 73 | 209,250 | 12,823,224 | 36,546 |

## Market summary

As of 4th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 477.18 | +6.68 | +1.42% | 473.76 | 477.18 | 462.92 | 5,833 | 54,102,150 | 5 | 653,414 |

### Index chart




## Market Overview

As of 12:00 pm, 4th Feb. 2020

| MYANPIX | 464.44 ▼ 6.06 |
|---|---|
| Total Volume (shares) | 5,221 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 635,964 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |